၂၀၁၁ မှ ၂၀၂၃ ထိ မြန်မာနိုင်ငံ၏ အရှေ့မြောက် ဒေသများရှိ

# လူ့အခွင့်အရေး ချိုးဖောက်မှု

## အစီရင်ခံစာ အကျဉ်း




- ၁။ အရပ်သားပြည်သူများအား မတရားဖမ်းဆီးခြင်း
- ၂။ လက်နက်ကြီးများဖြင့် လူနေရပ်ရွာများသို့ ရမ်းတမ်းပစ်ခတ်ခြင်း
- ၃။ အရပ်သားပြည်သူများအား သေနတ်ဖြင့် ပစ်ခတ်ခြင်း
- ၄။ လေယာဉ်ဖြင့် ဗုံးကျဲချခြင်း
- ၅။ ပြည်သူများ၏ ဥစ္စာပစ္စည်းများအား ဖျက်ဆီးခြင်း၊ သိမ်းယူခြင်း
- ၆။ ပြည်သူလူထုအား ညှင်းပန်းနှိပ်စက်ခြင်း
- ၇။ မုဒိမ်းကျင့်မှု
- ၈။ မြေမြှုပ်မိုင်း ပေါက်ကွဲခြင်း
- ၉။ ပြည်သူလူထုအား ခြိမ်းခြောက်ခြင်း

# တွေ့ရှိချက်များ

ကချင်အမျိုးသမီးများ သုတေသနအဖွဲ့ နှင့် ကချင်လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့သည် ၂၀၂၂ ခုနှစ် ဇူလိုင်လမှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကချင်လူမျိုးများနေထိုင်ရာ ဒေသများဖြစ်သည့် ကချင်ပြည်နယ်ရှိ မြစ်ကြီးနားခရိုင်၊ ပူတာအိုခရိုင်၊ ဗန်းမော်ခရိုင်၊ မိုးညှင်းခရိုင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ လားရှိုးခရိုင်၊ မူဆယ်ခရိုင်များ၌ စုစုပေါင်း လူ့အခွင့်အရေး ချိုးဖောက်မှု ဖြစ်စဉ်(၅၀) ခု ကောက်ယူခဲ့သည်။ ၎င်းဖြစ်စဉ်များမှ (၆) ခုမှာ ၂၀၁၁ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်းဖြစ်ခဲ့ကြပြီး ကျန် (၄၄)ခုမှာ ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း ဖြစ်ခဲ့သည့်ဖြစ်ရပ်များဖြစ်သည်။ ကျူးလွန်သူများမှာမြန်မာ့တပ်မတော်မှအများဆုံးဖြစ်ပြီး၊ဒေသခံလက်နက်ကိုင်အဖွဲ့အစည်းများအချို့မှ ကျူးလွန်သည်များလည်း တွေ့ရှိရသည်။ကောက်ယူခဲ့သည့် ကျူးလွန်မှုပုံစံ တစ်ခုစီအလိုက် တွေ့ရှိချက်များကို အောက်တွင် အကျဉ်းချုပ်ဖော်ပြသွားမည် ဖြစ်သည်။

စုဆောင်းရရှိခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်ရပ်များကို ကျူးလွန်မှုပုံစံ(၉) မျိုးဖြင့်တွေ့ရသည်။ ၎င်းတို့မှာ အရပ်သား ပြည်သူများကို မတရား ဖမ်းဆီးခြင်း (ဖြစ်ရပ် - ၁၈ ခု)၊ အရပ်သားပြည်သူများ နေထိုင်ရာ လူနေကျေးရွာ ရပ်ကွက်များသို့ လက်နက်ကြီးများ ရမ်းတမ်းပစ်ခတ်ခြင်း (ဖြစ်ရပ် - ၁၀ ခု)၊ လေယာဉ်ဖြင့် ဗုံးကျဲချခြင်း (ဖြစ်ရပ် - ၄ ခု)၊ အရပ်သားပြည်သူများအား သေနတ်ဖြင့် ပစ်ခတ်ခြင်း (ဖြစ်ရပ် ၉ ခု)၊ မြေမြှုပ်မိုင်း ပေါက်ကွဲခြင်း (ဖြစ်ရပ် - ၂ ခု)၊ ပြည်သူများအား ညှင်းပန်းနှိပ်စက်ခြင်း (ဖြစ်ရပ် - ၂ခု)၊ ပြည်သူများ၏ ဥစ္စာပစ္စည်းများအား ဖျက်ဆီးခြင်း/သိမ်းယူခြင်း၊ ပြည်သူလူထုအား ခြိမ်းခြောက်ခြင်း၊ မုဒိမ်းမှုတို့ (အနည်းဆုံး ဖြစ်ရပ်- ၁ခုစီ)ဖြစ်ခဲ့သည်။

၂၀၁၁ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ကချင်ဒေသများ၌ အရပ်သားပြည်သူများကို မတရား ဖမ်းဆီးခြင်း၊ အရပ်သားပြည်သူများ နေထိုင်ရာ ကျေးရွာများသို့ လက်နက်ကြီးများ ရမ်းတမ်းပစ်ခတ်ခြင်း၊ လေယာဉ်ဖြင့် ဗုံးကျဲချခြင်း၊ အရပ်သားပြည်သူများကို သေနတ်ဖြင့် ပစ်ခတ်ခြင်း၊ အရပ်သားပြည်သူများ၏ ဥစ္စာပစ္စည်းများအား သိမ်းယူခြင်းနှင့်ပြည်သူလူထုအား ခြိမ်းခြောက်ခြင်းများ အနည်းဆုံး (၁)ကြိမ်စီ ဖြစ်ခဲ့သည်။

ကျူးလွန်သူများမှာ မြန်မာ့တပ်မတော်မှ အများဆုံးဖြစ်ပြီး၊ ဒေသခံလက်နက်ကိုင်အဖွဲ့အစည်းများအချို့မှ ကျူးလွန်သည်များလည်း တွေ့ရှိရသည်။ ကောက်ယူခဲ့သည့် ကျူးလွန်မှုပုံစံ တစ်ခုစီအလိုက် တွေ့ရှိချက်များကို အောက်တွင် အကျဉ်းချုပ် ဖော်ပြသွားမည် ဖြစ်သည်။



## ၁။ အရပ်သားပြည်သူများအား မတရားဖမ်းဆီးခြင်း


ယခုကောက်ယူထားသည့် လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်ရပ်ပေါင်း (၅၀) ခု အနက် မတရား ဖမ်းဆီးခံရမှု ဖြစ်ရပ် (၁၈)ခု ရှိပြီး ထိခိုက်နစ်နာသူ၊ ကျူးလွန်ခံရသူပေါင်း (၂၉)ဦးရှိသည်။ အချို့မှာ မြန်မာ့တပ်မတော် စစ်ကြောင်းများမှ ရွာသားများကို အစုလိုက် ရှောင်တခင် ဖမ်းဆီးပြီး ၎င်းတို့စစ်ကြောင်းနှင့် အတူ လမ်းပြအဖြစ်သော်လည်းကောင်း၊ လူသားဒိုင်းအဖြစ် သော်လည်းကောင်း၊ ပေါ်တာအဖြစ်သော်လည်းကောင်း ခိုင်းစေပြီး ပြန်လွတ်ခြင်းများ ရှိသည်။ ဖမ်းဆီးခံရပြီး ပျောက်ဆုံးသွားသူလည်းရှိသည်။

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁) ရက်၌ မြန်မာ့တပ်မတော် တပ်မ(၇၇) စစ်ကြောင်းတစ်ခုက ဖမ်းဆီး ခေါ်ဆောင်သွားသော တနိုင်းမြို့နယ်ရှိ ရွာသား တစ်ဦးမှာယနေ့အထိပျောက်ဆုံးနေဆဲဖြစ်သည်။အချို့မှာကချင်လွတ်လပ်ရေး တပ်မတော် (KIA)၊ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ (PDF)များနှင့် ပတ်သက်မှု ရှိသည်ဟု မသင်္ကာ၍ ဆိုကာ မြန်မာ့တပ်မတော်မှ ရွာသားများ၊ ပြည်သူများကို ဖမ်းဆီးထိန်းသိမ်း စစ်ဆေးမေးမြန်းမှုများ ပြုလုပ်၍ ပြန်လွတ်ပေးသည့် ဖြစ်ရပ် များလည်းရှိသည်။ ထို့ပြင် KIA မှ ဖမ်းဆီး၍ လုပ်သား၊ တပ်သားအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားရာမှ ထွက်ပြေးလွတ်မြောက်လာသည့် အဖြစ်လည်း ရှိသည်။


ပြည်သူများ မတရား ဖမ်းဆီးခံရမှု ဖြစ်ရပ် (၁၈)ခုအနက် အများစုမှာ မြန်မာ့ တပ်မတော် သို့မဟုတ် ရဲက တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက် ဖမ်းဆီးပြီး တရားစွဲဆို ထောင်ဒဏ်ချသည့် ဖြစ်ရပ်များ ဖြစ်သည်။ အများအားဖြင့် ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (က)(ခ)၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀ (ည)၊ ၅၂ (က)၊ မတရားအသင်း အက်ဥပဒေ ပုဒ်မ ၁၇ (၁) တို့ဖြင့် တရားစွဲဆိုခံကြရသည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ၌ မြန်မာ့တပ်မတော်က အာဏာသိမ်းပြီးနောက် အများပြည်သူလူထုက စစ်အာဏာရှင် ဆန့်ကျင်ရေးလှုပ်ရှားမှုများ၊ သပိတ်များ ပြုလုပ်ခဲ့ကြရာ ဖေဖော်ဝါရီလကုန်ပိုင်း၊ မတ်လ အစောပိုင်းများမှစ၍ စစ်တပ်နှင့် ရဲများက ၎င်းလူထုလှုပ်ရှားမှုများ၊ သပိတ်များ၌ ပါဝင်သူ၊ ဦးဆောင်သူများကို တစ်ဦးချင်း သော်လည်းကောင်း၊ အစုလိုက် သော်လည်းကောင်း ဖမ်းဆီးခဲ့ကြ သည်။ လူထုလှုပ်ရှားမှုများ၊ သပိတ်များ၌ ပါဝင်သူများအား ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (က)ဖြင့် တရားစွဲဆိုကာ ထောင်ဒဏ် ၂ နှစ် မှ ၃ နှစ် ထိ ချမှတ်ခဲ့ကြသည်။ ထို့နောက် ခံဝင်ချက်များ ထိုးစေ၍သော်လည်းကောင်း၊ လွတ်ငြိမ်းချမ်းသာခွင့်များဖြင့် သော်လည်းကောင်း ပြန်လွှတ်ပေးမှုများ ရှိသည်။ သို့သော် ၎င်းလှုပ်ရှားမှုများကို ဦးဆောင်သူများဟု ယူဆသူများကိုမူ ကာလရှည် ဖမ်းဆီးချုပ်နှောင်ထားပြီး ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (ခ)၊

## ဖမ်းဆီးမှုဖြစ်ရပ်များ




## ဖမ်းခံရသူ အသက်အရွယ်




အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀ (ည)၊ ၅၂ (က)၊ စသည်တို့ဖြင့် စွဲဆိုကာ ထောင်ဒဏ် (၃) နှစ်မှ (၁၀)နှစ်အထိ ချမှတ်မှုများရှိသည်။ အချို့ကိုမူ အမိန့်ချမှတ်ခြင်းများ မရှိသေးဘဲ ချုပ်နှောင်ထားကာ မိသားစုဝင်များနှင့်လည်း တွေ့ခွင့်မပေးခြင်းများ ရှိသည်။


ထို့နောက် ၂၀၂၁ ခုနှစ်အကုန်ပိုင်းနှင့် ၂၀၂၂ ခုနှစ်အစပိုင်းမှ စ၍ ရပ်ရွာအတွင်း တက်ကြွသော လူငယ်ခေါင်းဆောင်များ၊ ရပ်ရွာခေါင်းဆောင်များကို ကချင်လွတ်မြောက်ရေးတပ် (KIA)၊ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များ (PDFs)နှင့် အဆက်အသွယ်ရှိသူများဟု စွပ်စွဲဖမ်းဆီးကာ မတရားအသင်း အက်ဥပဒေ ပုဒ်မ ၁၇ (၁) ဖြင့် တရားစွဲဆိုကာ ထောင်ဒဏ် (၂)နှစ်ထိ ချမှတ်မှုများရှိသကဲ့သို့ အမိန့်မချသေးဘဲ ဖမ်းဆီးထားခြင်းများလည်း ရှိနေသည်။




## ၂။ လက်နက်ကြီးများဖြင့် လူနေရပ်ရွာများသို့ ရမ်းတမ်း ပစ်ခတ်ခြင်း

ယခု ကောက်ယူထားသည့် လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်ရပ်ပေါင်း (၅၀) ခု အနက် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လူနေရပ်ရွာများသို့ ရမ်းတမ်း ပစ်ခတ်ခြင်း ဖြစ်ရပ် (၁၀)ခု ရှိပြီး ကျူးလွန်ခံရသူပေါင်း (၁၈)ဦးရှိသည်။ လက်နက်ကြီးများ ရမ်းတမ်းပစ်ခတ်မှုများ အားလုံးသည် မြန်မာ့တပ်မတော်မှ ကျူးလွန်မှုများ ဖြစ်ကြသည်။ ၎င်းဖြစ်ရပ် (၁၀)ခုအနက် တစ်ခုမှာ ၂၀၁၈ ခုနှစ် ကဖြစ်ခဲ့ပြီး၊ ကျန် (၉) ခုမှာ ၂၀၂၁ ခုနှစ် နောက်ပိုင်းတွင် ဖြစ်ခဲ့သည်။ (၇)ခု မှာ လူနေအိမ်၊ မီးဖိုချောင်၊ ဘုရားကျောင်း၊ မွေးမြူရေးခြံတို့၌ ကျရောက် ပေါက်ကွဲခြင်းဖြစ်ပြီး (၁)ခုမှာ စစ်ဘေးရှောင်စခန်းဝန်းထဲ၌ ကျ၍ ကျန် (၂)ခုမှာ ရွာထဲ/အနီး လူသွားလမ်းများပေါ် ကျရောက်ပေါက်ကွဲခြင်း ဖြစ်သည်။

ထိုသို့လက်နက်ကြီးများကျရောက်ပေါက်ကွဲခြင်းကြောင့်အရပ်သားပြည်သူ(၇) ဦး သေဆုံးခဲ့ကာ၊ (၄)ဦးမှာ ပြင်းထန်ဒဏ်ရာရရှိခဲ့ကြသည်။ ကျန်မိသားစုများမှာ ကျွဲ၊ နွား၊ ဝက်များ သေဆုံးခြင်း၊ အိမ်များ ပျက်စီးသွားခြင်း၊ ဘုရားကျောင်းများ ပျက်စီးသွားခြင်း၊ ပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာများ ပျက်စီးသွားခြင်းများ ရှိခဲ့သည်။






## ၃။ အရပ်သားပြည်သူများအား သေနတ်ဖြင့် ပစ်ခတ်ခြင်း


ယခု ကောက်ယူထားသည့် ကချင်ဒေသများရှိ လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်ရပ်များအနက် ဖြစ်ရပ် ၁၁ ခုမှာ အရပ်သားပြည်သူများအား သေနတ်ဖြင့် တိုက်ရိုက် ပစ်ခတ်မှု ဖြစ်သည်။ ဖြစ်ရပ် (၁)ခုမှာ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ၌ မြန်မာ့တပ်မတော် (ခလရ ၂၂၃၊ ခလရ ၂၃၆) တို့က မံစီမြို့နယ်ရှိ စစ်ဘေးရှောင်စခန်းမှ အရပ်သားပြည်သူ (၃)ဦးအား အကြောင်းမဲ့ ပစ်သတ်ခဲ့ခြင်းဖြစ်သည်။ ကျန်ဖြစ်ရပ် (၈)ခုမှာ ၂၀၂၂ ခုနှစ်နောက်ပိုင်း မြန်မာ့တပ်မတော်မှ ကျူးလွန်ခဲ့ခြင်း ဖြစ်သည်။ ၎င်းပစ်ခတ်မှုများ၌ စုစုပေါင်း အရပ်သားပြည်သူ (၁၁)ဦး သေဆုံးကာ (၂) ဦး ဒဏ်ရာရခဲ့သည်။


ပစ်ခတ်မှုများ အများစုမှာ အများပြည်သူ လမ်းများ၌ ကားဖြင့်သော်လည်းကောင်း၊ ဆိုင်ကယ်ဖြင့် သော်လည်းကောင်း၊ လမ်းလျှောက်၍ သော်လည်းကောင်း သွားလာနေစဉ် ပစ်ခတ်မှု၊ ယာဉ်များကို ရပ်စေသည့် အချိန် မရပ်သဖြင့်ဆို၍ လိုက်လံ ပစ်ခတ်မှုများဖြစ်ကြသည်။ ဆိုင်ကယ်စီးလျက်နှင့် လမ်းလျှောက်လျက် ပစ်ခတ်ခံရသူများ အားလုံးနီးပါး သေဆုံးကြပြီး ကားစီးလျက် ပစ်ခံရသူများမှာ အများစုက ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြသည်။ အချို့ပစ်ခတ်ခံရပြီး သေဆုံးသွားသူများ၏ အလောင်းများကို ပြန်မပေးသည့် အဖြစ်များလည်း ရှိသည်။


အချို့မှာ အိမ်၌နေစဉ် မြန်မာ့တပ်မတော် စစ်သားများက ဖမ်းဆီးပြီးနှိပ်စက်ကာ သေနတ်ဖြင့် ပစ်သတ်ခြင်းများလည်း ရှိသည်။ သေနတ်ဖြင့် ပစ်သတ်ပြီးနောက် အလောင်းများကိုပါ မီးရှို့ဖျက်ဆီးသည့် အဖြစ်လည်း တွေ့ရသည်။

အများစု ပစ်ခတ်ခံရသည့် အချိန်များမှာ လူအများ သွားလာနေစဲ အချိန်ဖြစ်သည့် ည (၉)နာရီ မတိုင်မီ အချိန်၌ ဖြစ်သည်ကို တွေ့ရသည်။




ပြည်သူအား ပစ်ခတ်ခြင်း
၁၂
၁၀
၈
၆
၄
၂
၀
တပ်မတော်
သေဆုံး
ဒဏ်ရာရ


ပစ်ခတ်ခံရသူများ
၈
၇
၆
၅
၄
၃
၂
၁
၀
သေဆုံး
ဒဏ်ရာရ
ကျား
မ


ပစ်ခတ်ချိန်
၄.၅
၄
၃.၅
၃
၂.၅
၂
၁.၅
၁
၀.၅
၀
နံနက် ၄ - ၁၂
နေလည် ၁ - ၈
ညနေ ၈ - နံနက် ၄
မသိ





## ၄။ လေယာဉ်ဖြင့် ဗုံးကြဲချခြင်း

ယခု ကောက်ယူထားသည့် လူ့အခွင့်အရေးချိုးဖောက်ခံရမှု ကျူးလွန်သည့် ဖြစ်ရပ်များအနက် မြန်မာ့တပ်မတော်မှ ကချင်ဒေသ၌ လေယာဉ်ဖြင့် ဗုံးကြဲချသည့် ဖြစ်ရပ် (၄)ခု ရှိခဲ့သည်။ တစ်ခုမှာ ၂၀၁၈ ခုနှစ်က ဖြစ်ခဲ့ပြီး ကျန် (၃) ခုမှာ ၂၀၂၁ ခုနှစ်နောက်ပိုင်း ဖြစ်သည်။

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၂၆)ရက်နေ့ မနက်(၁၀း၀၀)နာရီခန့်တွင် တနိုင်းမြို့နယ်၊ ရှဒူးဇွပ်ကျေးရွာရှိ ရွှေနှင့် ပယင်းမှော်၌ မြန်မာ့တပ်မတော်မှ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အရပ်သားပြည်သူများ အများအပြား ထိခိုက်ဒဏ်ရာရပြီး သေဆုံးမှုများ ရှိခဲ့သည်။

ပူတာအိုမြို့နယ်၊ ဆွမ်ပီယန်ကျေးရွာတွင် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်မှစ KIA-PDF နှင့် တပ်မတော်တို့ စစ်များစဖြစ်ရာမှ ဖေဖော်ဝါရီလ (၃) ရက်၊ ညနေ (၄း၄၅)နာရီခန့်တွင် မြန်မာ့တပ်မတော်မှ ဂျက်ဖိုက်တာ လေယာဉ် (၂)စီးဖြင့် ရွာသို့ ဗုံးကြဲခြင်း၊ ပစ်ခတ်ခြင်းများ ပြုလုပ်ခဲ့ရာ အရပ်သားပြည်သူ(၇) ဦး ထိခိုက်ဒဏ်ရာရရှိကာ အိမ်(၁၀)လုံး မီးလောက်ပျက်စီးခဲ့သည်။ ထို့ပြင် ရွာသူရွာသားများ (၁၀၀၀)ခန့် တောထဲတောင်ထဲသို့ ထွက်ပြေးခိုလှုံခဲ့ကြပြီး (၁) လ ကျော်အကြာ ရွာထဲသို့ ပြန်လာသောအခါ အိမ်များ၊ စျေးဆိုင်များ အားလုံး မီးရှို့ဖျက်ဆီးခံရကာ ပစ္စည်းများပါမကျန် အားလုံး ဆုံးရှုံးခဲ့ကြရသည်။

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၈)ရက်၌ ဖားကန့်မြို့နယ် ဆယ်ဇင်းကျေးရွာတွင် KIA-PDF နှင့် တပ်မတော်-ရှမ်းနီအမျိုးသားတပ်မတော်တို့ ထိတွေ့ တိုက်ခိုက်မှုဖြစ်ခဲ့စဉ် နေ့လည် ၁၂း၀၀ ခန့်မှစ သုံးရက်တိုင်မြန်မာ့ တပ်မတော်မှ တိုက်လေယာဉ်ဖြင့် ရွာအတွင်းသို့ ဗုံးကြဲချခြင်း၊ ပစ်ခတ်ခြင်းများပြုရာ ရွာရှိလူနေအိမ်များ မီးလောင်ပျက်ဆီးခြင်း၊ အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရရှိခြင်း၊ သေဆုံးခြင်းများ ရှိခဲ့သည်။

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၂၃)ရက်၊ ည (၈း၃၀)နာရီတွင် ဖါးကန့်မြို့နယ်၊ အနန့်ပါကျေးရွာ၌ ကချင်လွတ်လပ်ရေး တပ်မတော်၏ (၆၂)နှစ် နှစ်ပတ်လည်နေ့အကြို တေးဂီတပွဲအား ရပ်ရွာရှိအရပ်သားပြည်သူများနှင့် ကျင်းပနေစဉ် မြန်မာ့တပ်မတော်မှ တိုက်လေယာဉ်များဖြင့် ၎င်းအခမ်းအနားထဲသို့ ဗုံးကြဲချကာ တိုက်ခိုက်ခဲ့သည်။ ဂီတအနုပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ အပါအဝင် အရပ်သားပြည်သူများ (၆၆)ဦးခန့် သေဆုံးပြီး (၈၀)ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ(၂၆)

**ရှဒူးဇွပ်**

၂၀၂၂ ခုနှစ်၊ ဖေဖော် ဝါရီလ (၃)

**ဆွမ်ပီယန်**

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၈)

**ဆယ်ဇင်း**

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၂၃)

**အနန့်ပါ**



## ၇။ မုဒိမ်းကျင့်မှု

ယခု ကောက်ယူထားသည့် လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်ရပ်ပေါင်း (၅၀) ခုအနက် မုဒိမ်းကျင့်မှု (၁)ခု ပါဝင်သည်။ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ (၁၄)ရက်၌ ဒေါ့ဖုန်းယန်မြို့နယ်၊ နွံလန်းကျေးရွာမှ အသက်(၅၀)အရွယ် ကလေး(၅)ဦး၏ မိခင်သည် မနက် (၉း၀၀)နာရီခန့်တွင် နေအိမ်မှ လယ်သို့ ထမင်းသွားပို့စဉ် လမ်း၌ မြန်မာ့တပ်မတော် (ခမရ ၄၃၈)မှ စစ်သား ၃ ဦးက မုဒိမ်းကျင့် သတ်ဖြတ်ခြင်း ခံခဲ့ရသည်။

၎င်းဖြစ်စဉ်ကို မြန်မာ့တပ်မတော်မှ အတိအလင်းဝန်ခံကြောင်း သတင်းစာတွင် ဖော်ပြထားခဲ့သော်လည်း အခြားတာဝန်ယူတာဝန်ခံမှု တစ်စုံတစ်ရာ မရှိခဲ့ပေ။



## ၈။ မြေမြှုပ်မိုင်း ပေါက်ကွဲခြင်း

ယခု ကောက်ယူထားသည့် လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်ရပ်ပေါင်း (၅၀) ခုအနက် မြေမြှုပ်မိုင်းပေါက်ကွဲမှု (၂)ခု ဖြစ်ခဲ့သည်။ ပထမတစ်ခုမှာ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁၂)ရက်၊ နံနက် (၇)နာရီခန့်တွင် တနိုင်းမြို့နယ်၊ ရှုဒူးဇွပ်ကျေးရွာမှ အသက် (၅၃)နှစ်နှင့် (၁၉)နှစ်အရွယ် သားအမိနှစ်ဦး ဈေးရောင်းထွက်စဉ် မြေမြှုပ်မိုင်းနင်းမိခဲ့ခြင်း ဖြစ်သည်။ သမီးဖြစ်သူမှာ သေဆုံးခဲ့ရပြီး မိခင်ဖြစ်သူမှာ ဒဏ်ရာပြင်းထန်သဖြင့် ဆေးကုသနေရသည်။

ဒုတိယဖြစ်ရပ်မှာ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁၂)ရက်၊ ညနေ (၂း၄၀) နာရီခန့်တွင် ပြည်သူစစ်အဖွဲ့မှ တနိုင်းမြို့နယ်၊ ရှုဒူးဇွပ်ကျေးရွာမှ ရွာသားတစ်ဦးအား ဂိတ်ဖြတ်သန်းစဉ် စစ်ဆေးမေးမြန်းရန်ဟု ဆိုကာ ၎င်းတို့တပ်အတွင်း ဖမ်းဆီးခေါ်ဆောင်သွားစဉ် တပ်တွင်းထောင်ထားသည့် မြေမြှုပ်မိုင်းကို နင်းမိသောကြောင့် ပြင်းထန်ဒဏ်ရာ ရရှိခဲ့သည်။



## ၉။ ပြည်သူလူထုအား ခြိမ်းခြောက်ခြင်း

ယခု ကောက်ယူထားသည့် လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်ရပ်ပေါင်း(၅၀) ခု အနက် တစ်ခုမှာ ပြည်သူလူထုအား ခြိမ်းခြောက်သည့်ဖြစ်ရပ် ဖြစ်သည်။ ၎င်းဖြစ်ရပ်သည် ၂၀၁၇-၁၈ ခုနှစ်၌ ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၌ ရှမ်းပြည်တပ်မတော် (SSA)မှ တာဝန်ရှိသူများနှင့် ရွာသူရွာသားများမြေ ယာသိမ်းဆည်းမှု ပြဿနာဖြစ်ခဲ့သည်။ ၎င်းပြဿနာ၌ တက်ကြွလှုပ်ရှား ပါဝင်ကြသည့် ရပ်ရွာလူထု ပြည်သူများကို ရှမ်းပြည်တပ်မတော် (SSA)မှဒေ သတာဝန်ခံက သေနတ်ကို မိုးပေါ်ထောင်ပစ်ကာ "သတင်းပေးသူများကို သတ်ပစ်မည်ဟု" ခြိမ်းခြောက်ခြင်းများ ပြုလုပ်ခဲ့သည်။

ဤအစီရင်ခံစာအကျဉ်းပါ ဖြစ်ရပ်များသည် လူ့အခွင့် အရေးချိုးဖောက်မှု သာမက နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေများဖြစ်သည့် ဂျီနီဗာ ကွန်ဗဲန်းရှင်းကို ချိုးဖောက်သည့် ကျူးလွန်မှုဖြစ်သည်။





## ၅။ ပြည်သူများ၏ ဥစ္စာပစ္စည်းများအား ဖျက်ဆီးခြင်း၊ သိမ်းယူခြင်း

ယခု ကောက်ယူထားသည့် လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်ရပ်ပေါင်း (၅၀) ခု အနက် ပြည်သူများ၏ ဥစ္စာပစ္စည်းများအား ဖျက်ဆီးခြင်း၊ သိမ်းယူခြင်း ဖြစ်ရပ် (၃)ခု ရှိသည်။ တစ်ခုမှာ ၂၀၁၁ ခုနစ် ဇွန်လ၌ မြန်မာ့တပ်မတော်နှင့် KIA အကြား တစ်ကျော့ပြန်စစ်ပွဲများ ပြန်လည်ပြင်းထန်လာပြီးနောက် မြန်မာ့တပ်မ တော်မှ ဝိုင်းမော်မြို့နယ်၊ ဂါးရာယန်ကျေးရွာရှိ ဘုရားကျောင်းများ၊နေအိမ် များကို ဖျက်ဆီးခြင်း၊ ဘုရားကျောင်းပိုင် ပစ္စည်းများ၊ ပြည်သူများ၏ ဥစ္စာပစ္စည်းများကို သိမ်းယူခြင်းဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ကြသည်။

ကျန်ဖြစ်ရပ်နှစ်ခုမှာ ၂၀၂၂ ခုနစ် နိုဝင်ဘာလ၌ မြစ်ကြီးနားမြို့နယ်တွင် မြန်မာ့ တပ်မတော်က KIO အရာရှိအချို့ ဖမ်းဆီးပြီးနောက် ၎င်းတို့နှင့် ဆက်နွယ်သည့် မိသားစု၏ နေအိမ်များကို ဘူဒိုဇာဖြင့် ဖျက်ဆီးခြင်း၊ မိသားစုဝင်များကို နှိပ် စက်ခြင်းများ ရှိခဲ့သည်။ ထို့ပြင် ၎င်းတို့နှင့် ဆက်နွယ်သည့် ပုဂ္ဂိုလ်ကို ရှာမည်ဟု ဆိုကာ နံနက် (၄း၀၀)နာရီခန့်၌ ဘုရားကျောင်း၊ အသင်းတော်ရုံးခန်းများကိုရိုက် ဖျက်ခြင်း၊ စာရွက်စာတမ်းများ ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ကြသည်။




## ၆။ ပြည်သူလူထုအား ညှင်းပန်းနှိပ်စက်ခြင်း

ယခု ကောက်ယူထားသည့် လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်ရပ်ပေါင်း (၅၀) ခုအနက် ပြည်သူလူထုအား ညှင်းပန်းနှိပ်စက်ခြင်း ဖြစ်ရပ် (၂)ခု ရှိခဲ့သည်။ တစ်ခုမှာ ၂၀၂၂ ခုနစ် ဇွန်လ ၂၂ ရက်၌ ဝိုင်းမော်မြို့နယ်၊ အောင်မြေ(၁၊ ၂) ဒေသရှိ လီဆူပြည်သူ့စစ် စခန်းက ဆိုင်ကယ်ဖြင့် ဖြတ်လာသော အရပ်သား(၃) ဦးကို ဖမ်းဆီးရာ (၂) ဦးမှာ ထွက်ပြေးလွတ်မြောက်လာသော်လည်း တစ်ဦးမှာ ဖမ်းဆီးခံခဲ့ရသည်။ ဖမ်းဆီးခံရသူအား ရိုက်နှက်စစ်ဆေးရာ လက်လွန်ကာ သေးဆုံးခဲ့သည်။ သို့သော် မိသားစုများက ယနေ့ထိ အလောင်းကိုပင် မရရှိခဲ့ကြပေ။

ဒုတိယဖြစ်ရပ်မှာ ကွတ်ခိုင်မြို့နယ်၌ ကိုးကန့်တပ်မတော် တပ်ရင်း(၂၀၂)မှ အရက်မူးနေသော တပ်သားများက ရွာသားနှစ်ဦးကို ၂၀၂၂ ခုနစ် ဩဂုတ်လ ၁၇ ရက်၊ ည (၁၀)နာရီခန့်တွင် ဖမ်းခေါ်သွားပြီး ရိုက်နှက်နှိပ်စက်ကာ နောက် တစ်နေ့ နေ့ (၁၁)နာရီခန့်၌ ပြန်လွှတ်ပေးသည့်အဖြစ် ဖြစ်ခဲ့သည်။

## လူ့အခွင့်အရေးချိုးဖောက်မှု ကျူးလွန်မှုပုံစံများ




| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဖြစ်ရပ် | ၁၀ | ၄ | ၁၈ | ၃ | ၉ | ၂ | ၁ | ၁ | ၂ |
| နစ်နာသူများ | ၁၉ | ၁၁ | ၂၉ | ၃ | ၁၃ | ၃ | ၁ | ၁ | ၃ |